ငြင်းပယ်သူမှလွဲ၍ ငါကိုယ်တော် ၏ အွမ္မသ်သားအားလုံးသည်
ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ကြရမည်။
အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။
ငြင်းပယ်သူမှလွဲ၍ ငါကိုယ်တော် ၏ အွမ္မသ်သားအားလုံးသည် ဂျန္နသ်သုခဘုံသို့
ဝင်ရောက်ကြရမည်။ ထိုအခါ သာဝကကြီးများက အို - အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်
ငြင်းပယ်သူသည် မည်သူဖြစ်ပါသနည်းဟု လျှောက်ထားမေးမြန်းကြသည်။ ကိုယ်တော်က
မိန့်ကြားတော်မူသည်မှာ မည်သူမဆို ငါကိုယ်တော့်အမိန့်ကိုနာခံလျှင် ထိုသူသည်
ဂျန္နသ်ကိုဝင်ရမည်ဖြစ်ပြီး မည်သူမဆိုငါကိုယ်တော်၏ အမိန့်ကိုမနာခံလျှင်
ထိုသူသည်ငြင်းပယ်သူဖြစ်သည်။
[صحيح] [رواه البخاري]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ငြင်းပယ်သူမှလွဲ၍ ကိုယ်တော်၏
အွမ္မသ်သားအားလုံး ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ကြရမည်ဖြစ်ကြောင်း
မိန့်ကြားတော်မူခဲ့သည်။ ထိုအခါ ဆွဟာဗဟ်(ရဿွိယလ်လာဟုအန်ဟုမ်)တို့က အို -
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် ငြင်းပယ်သူသည် မည်သူဖြစ်ပါသနည်းဟု
လျှောက်ထားမေးမြန်းကြသည်။ ကိုယ်တော်က မည်သူမဆို
ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ အမိန့်ကိုနာခံကာ
နောက်လိုက်မှုပြုလျှင် ထိုသူသည် ဂျန္နသ်ကိုဝင်ရမည်ဖြစ်ပြီး မည်သူမဆို အမိန့်ဖီဆန်ကာ
ရှရီအဟ်တရားတော်ကို လိုက်နာခြင်းမရှိလျှင် ထိုသူသည်
သူ၏မကောင်းသော(အအ်မာလ်)လုပ်ဆောင်မှုများကြောင့်
ဂျန္နသ်သို့ဝင်ရောက်ခွင့်ရမည်မဟုတ်ဟု ဖြေကြား‌တော်မူခဲ့သည်။
https://sunnah.global/hadeeth/my/show/4947